တံပ်ဒွံရ်ပိုန်လောတ်ကပိုန်တအာင်း

**Palaung State Liberation Front**

## (၄၄) နှစ်မြောက် တအာင်းအမျိုးသားစာပေနေ့သို့ ပေးပို့သော ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး - PSLF/ TNLA ၏ ဂုဏ်ပြုသဝဏ်လွှာ

ရက်စွဲ - (၃၀) ရက်၊ ဩဂုတ်လ၊ ၂၀၁၆ ခုနှစ်။

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၃၀) ရက်သည် (၄၄) နှစ်မြောက် တအာင်းအမျိုးသားစာပေနေ့ဖြစ်ပါသည်။ တအာင်းစာပေပေါ်ထွန်းရေးအတွက် ကြိုးပမ်းခဲ့ကြသော စာပြုသံဃာတော်များ၊ တအာင်းစာပြုပုဂ္ဂိုလ်များအား အစဉ်လေးစားဦးညွှတ်ဂါရဝပြုရင်း တအာင်းဒေသနှင့်အခြားနယ်ပယ်ဒေသအသီးသီးတွင် တအာင်းအမျိုးသားစာပေနေ့ အခမ်းအနားကို ဝိုင်းဝန်း ကြိုးပမ်းကာ ကျင်းပကြသည့်အတွက် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး - PSLF/TNLA မှ ဂုဏ်ပြုပါကြောင်း ဤသဝဏ်လွှာအား ပေးပို့အပ်ပါသည်။

တအာင်းစာပေ တိုးတက်ပြန့်ပွားရေးနှင့်အတူ တအာင်းတို့၏ အမျိုးသားလက္ခဏာတခုဖြစ်သည့် သမိုင်းအမွေအနှစ်များ၊ ရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ မမေ့လျော့ မပျောက်ပျက်စေဘဲ ထာဝစဉ်ခိုင်မြဲရေးတို့အတွက် တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည့် တအာင်းပြည်သူတရပ်လုံး၊ တအာင်းစာပေနှင့် ယဉ်ကျေးမှုကော်မီတီတို့အား အလေးအနက်ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ယနေ့ တအာင်းပြည်သူများသည် တအာင်းစာပေကိုပိုမိုမြတ်နိုးစွာ လေ့လာသင်ယူအသုံးပြုလာကြခြင်းနှင့်အတူ တအာင်းရိုးရာယဉ်ကျေးမှုတို့ကိုလည်း ဂုဏ်ယူဂင့်ကြွားစွာဖော်ဆောင်နေကြသည်ကို မြင်တွေ့ရသည်မှာ အဆက်ဆက်သော ကြိုးပမ်းသူတို့၏ ရလာဒ်အသီးအပွင့်များ၊ တအာင်းတို့ အောင်မြင်မှုများဖြစ်သည်ဟု မှတ်ယူအပ်ပါသည်။ မိမိတို့သည် တအာင်းလူမျိုး၏ အသက်သွေးကြောပမာအရေးကြီးလှသည့် စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို ဆက်လက်ပြီး အသက်ပေးကာကွယ်ကြရပေဦးမည်ဖြစ်ပါသည်။

PSLF/TNLA သည် များပြားလှသည့် တအာင်းမျိုးနွယ်စုတို့၏ ဘာသာစကားများကို အတူစုစည်းပြီး အားလုံးနားလည်လက်ခံအသုံးပြုနိုင်မည့် တအာင်းရုံးသုံးဘာသာရရှိရန် လူငယ်၊ အမျိုးသမီး၊ ရဟန်းသံဃာတော်များ၊ တအာင်းစာပေပညာရှင်နှင့်အတူ ပူးပေါင်းကြိုးပမ်းလျက်ရှိပါသည်။ ထိုကဲ့သို့ ရရှိလာသည့် တအာင်းရုံးသုံးစာကို မိမိတို့ တအာင်းတပ်မတော်နှင့် အုပ်ချုပ်ရေး ယန္တယားရုံးလုပ်ငန်းအဆင့်ဆင့် တွင်လည်း စတင် အသုံးပြုနေပါသည်။

ထို့ကြောင့် တအာင်းလူမျိုးတို့ ဤကမ္ဘာမြေပေါ်တွင် အစဉ်တည်တံ့ခိုင်မာသည့် လူမျိုးတခုအဖြစ် ရှင်သန်ရပ်တည်နိုင်ရန်အတွက် မိမိတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ သမိုင်းအမွေအနှစ်များ၊ ရိုးရာ ဝတ်စားဆင်ယင်မှုများနှင့် စာပေဘာသာစကားများ အစရှိသည်တို့ကို ဝိုင်းဝန်းထိန်းသိမ်းခြင်း၊ မြှင့်တင်ဖော်ဆောင်ခြင်း၊ လေ့လာသင်ယူခြင်း၊ လက်တွေ့အသုံးပြုခြင်းများကို စုစည်းညီညာစွာဝိုင်းဝန်းလုပ်ဆောင်ကြပါရန် တအာင်းအမျိုးသားစာပေနေ့မှတဆင့် တအာင်းပြည်သူတရပ်လုံးတို့အား အလေးအနက်တိုက်တွန်းနှိုးဆော်ရင်း မိမိတို့၏ ဂုဏ်ပြုသဝဏ်လွှာကို လေးစားစွာ ပေးပို့အပ်ပါသည်။

"ဘိုပ်ဘိုန်ကုင်တအာင်း"

**ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး - P.S.L.F**

**တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် - T.N.L.A**